
ရည်ဝေ (လင်းရောင်ခြည်)


# ကြိုးလေးသုံးချောင်း

နှင့်

အခြားဝတ္ထုတိုများ







Creative Design By
Lin Aung Pyae 2013

# အမှာစာ

ဤစာအုပ်နှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် ပါဝင်သော စာများကို သုံးသပ်ညွှန်ဆိုပြသ ခြင်းထက် စာဖတ်သူများကို လူနှစ်ယောက်အကြောင်းကိုသာ မိတ်ဆက်ပြောပြချင်ပါသည်။ ပထမ တစ်ဦးမှာ ဤစာအုပ်ကို ထုတ်ဝေသူ ဟေမာန်ကိုဆိုသူနှင့်ပတ်သက်၍ ဖြစ်သည်။ မိမိနှင့် ရင်းနှီး သည်မှာ လပိုင်းပင်မရှိသေးပါ။ သို့သော် သူ့နာမည်ကို ရင်းနှီးနေခဲ့သည်မှာ ကြာပေပြီ။ ရင်းနှီးရ သောအကြောင်းရင်းကို ရှင်းပါမည်။

ထိုထုတ်ဝေသူသည် မြန်မာပြည်မှာ မရှိ။ နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသူဖြစ်သည်။ သူ သည် ရသစာပေကို ရူးသွပ်ဝါသနာထုံကာ သူနှင့်သွေးသက်သူ စာရေးဝါသနာရှင် လူငယ်လေးများ ကို ငွေကုန်ကြေးကျခံ၍ ဟောတစ်အုပ် ဟောတစ်အုပ် ထုတ်ပေးနေခြင်းကြောင့် စိတ်ဝင်စားပြီး သူ့ နာမည်ကို သိနေခဲ့ခြင်းဖြစ်သည်။ သူသည် ယနေ့စာအုပ်စာပေ၏ ဈေးကွက်အခြေအနေကို မသိသူ တစ်ယောက်မဟုတ်ပါ။ ကျန်ကျလိုက်သော ငွေများသည် နိဗ္ဗာနပစ္စယောဟောတု လုပ်လိုက်ရ မည်မှန်းသေသေချာချာသိနေသူဖြစ်သည်။ ထို့ကြောင့် စီးပွားရေးကြောင့် ထုတ်ဝေသူ လုပ်ခြင်း မဟုတ်တာ သေချာနေသည်။

သူ၏ စာပေအပေါ် ရူးသွပ်မှုနှင့် စာရေးဝါသနာရှင်အသစ်လေးများအပေါ် ထားသော စေတာက လေးစားချီးကျူးအောချလောက်ပါပေသည်။ နောက်တစ်ဦးက ယခုစာအုပ်၏ ကလောင် ရှင် ရည်ဝေ (လင်းရောင်ခြည်) ဖြစ်သည်။ သူ၏ ကလောင်အမည်မှ (လင်းရောင်ခြည်) ဆိုသည်က အွန်လိုင်းပေါ်တွင် မိမိတည်ထောင်ထားသော

စာပေဝါသနာရှင်များ လေ့ကျင့်ကွင်းတစ်ခု၏ အမည်။ သူသည် လွန်ခဲ့သော နှစ်နှစ်နီးပါးအချိန်က အဖွဲ့တွင်းသို့ ဝင်ရောက်လာခဲ့သည်။ သူ၏ အရေးအဖွဲ့တင်ပြပုံကောင်းခြင်း၊ မကောင်းခြင်းကို စာဖတ်သူလက်ထဲမှာ စာအုပ်ရောက်နေပြီဖြစ် သောကြောင့် စကားဦးမသန်းလိုပါ။

စာဖတ်သူကိုယ်တိုင် သုံးသပ်စေချင်သည်။ အဓိကပြောချင်သည်က ရည်ဝေ (လင်းရောင် ခြည်) ၏ စာရေးသူဝါသနာနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယကိုပင် ဖြစ်သည်။ သူ့ကို စတွေ့စဉ်က ဖွာလွန်ကျဲ နေသော အရေးအဖွဲ့များကြားတွင် နှမြောစရာကောင်းလှသော အတွေးအခေါ်၊ အမြင်စူးရှမှုတို့ ကို တွေ့ရသည်။ သို့သော် ဖန်တီးမှုအတတ်ပညာနည်းပါးသော သူ့စာများက အရည်မမီ။ အဖွဲ့သား များ၏ ဝိုင်းဝန်းဝေဖန်ထောက်ပြမှုများကို မညည်းမညူ အကြိမ်ကြိမ်ပြင်ဆင်လေ့လာမှတ်သား သည်။

ဝေဖန်မှုများမှ ကင်းလွတ်အောင်ကြိုးစားသည်။ အချိန်ပြည့် တစ်စိုက်မတ်မတ်နှင့် စာရေး သားခြင်းကို နှစ်ပြီးကြိုးစားခဲ့သည်။ တစ်နှစ်ခွဲဟူသော (ခန့်မှန်းချေ) ကာလအတွင်းမှာပင် မယုံနိုင် လောက်အောင် တိုးတက်ပြောင်းလဲလာခဲ့တော့သည်။ ယခုဆိုလဆင် မာကျောလှသော စာပေ လောကအတွင်းသို့ ပို၍ မာသော သူ့ခေါင်းနှင့် တိုးဝင်ပြီး ပုံနှိပ်စာမျက်နှာများပေါ်တွင် ရောက်စပြု နေပြီဖြစ်သည်။ ပေ့ါပေ့ါပါးပါး ပြောရလျှင်တော့ ဤကဲ့သို့ ရူးသွပ်ပြီး ဤကဲ့သို့ တစိုက်မတ်မတ် ကြိုး စားသူအတွက် ပုံနှိပ်စာမျက်နှာပေါ်သို့ ရောက်ရှိလာခဲ့သည်မှာ သိပ်တော့ အဆန်းမဟုတ်ပါ။ သို့ သော် စာဖတ်သူများ၏ အသိအာရုံတွင် ရည်ဝေ (လင်းရောင်ခြည်) ဟူသော ကလေးအမည်ကို မှတ်မှတ်သားသား ဖြစ်သွားဖို့အတွက်တော့ လိုသေးသည်။

ဤအတွက်လည်း သူ ဆက်လက်ကြိုးစားနေမည်ဆိုတာကို မိမိ ယုံကြည်နေပါသည်။ ဤစာ အုပ်တွင် အွန်လိုင်းပေါ်၌ သူရေးသားခဲ့သော အက်ဆေးဝတ္ထုတိုများထဲမှ အမျိုးစားပုံစံ စုံ လင်အောင်

တမင်ရွေးချယ်ထားပုံရသည်။ လိပ်ပြာတစ်ကောင် အတ္ထုပ္ပတ္တိကဲ့သို့သော တစိမ့်စိမ့် တွေးယူရသော ခေတ်ပေါ်အရေးအသားဆန်သည့် အက်ဆေးပါဝင်သလို၊ ကြိုးလေးသုံးချောင်းကဲ့ သို့ သရုပ်မှန်စစ်စစ်ဝတ္ထုတိုလည်း ပါဝင်သည်။ မည်သို့ပင် ဖြစ်စေ စာအုပ်တစ်အုပ်၊ စာရေးသူတစ် ဦး တိုးလာခြင်းအတွက် မကောင်းသည့် အကြောင်းအချက်ဟူ၍ ဘယ်ဘက်ကမှ မရှိနိုင်ပါ။

စာပေလောကတွင် စာရေးသူတစ်ဦး တိုးလာရန် ငွေကုန်ကြေးကျခံ စေတနာထား၍ တွန်းအားပေးနေသော ရေခြားမြေခြားမှ မဟေမာန်ကိုနှင့် ရသစာပေများကို ရူးသွပ်ဖက်တွယ်၍ စာရေးသူတစ်ဦးဖြစ်ရန် လူရောစိတ်ပါ နှစ်၍ ကြိုးစားနေသော ရည်ဝေ (လင်းရောင်ခြည်) တို့အား ဆက်လက်ရူးသွပ်နိုင်ကြပါစေဟု စာပေလောကကြီးကိုယ်စား ဆုတောင်းပေးလိုက်ပါသည်။

**သက်ဦးမောင် (ချောက်)**

***

အပ်ကြောင်းထပ်ပုံပြင်များကြားမှ
သက်ရှိလေးတစ်ကောင်၏ပုံပြင်

---

“ သက်ရှိလေးရဲ့ ခပ်နက်နက်ဆံပင်တွေဟာ
DNA စစ်ပြီး အဖေဘယ်သူ၊ အမေဘယ်ဝါ
ရှာလို့ရနိုင်ပေမယ့် ဒီနိုင်ငံရှိ လူကုန်ရဲ့
DNA တောင် စုစည်းပြီးသား မရှိ
လောက်သေးတဲ့အခါ၊ ကွန်ပျူတာ
တွေနဲ့ စမ်းသပ်စစ်ဆေးတဲ့ ဌာန
မဟုတ်တဲ့ သာမန်ခပ်ချာချာ
ရပ်ကွက်ရုံးဟာ ညရှစ်နာရီ
ထိုးတာနဲ့ တံခါးကြီးကို လာဖွင့်
လို့ ဟောင်းနွမ်းနေတဲ့
မှတ်တမ်းစာအုပ်ကြီးကို
လှန်ရင်း . . .



# အပ်ကြောင်းထပ်ပုံပြင်များကြားမှ

# သက်ရှိလေးတစ်ကောင်၏ ပုံပြင်

# မြင်ကွင်း( ၁)

အရိုးပြိုင်းပြိုင်းထနေတဲ့ သူ့လက်တွေဟာ ဒီသက်ရှိလေးကို ပွေ့ချီထားရခြင်း အ တွက် ကျေနပ်ပျော်ရွှင်မှု ရှိနေတယ်။ သူ့ရဲ့ ခြောက်သွေ့နေတဲ့ နှုတ်ခမ်းသားတွေဟာ တစ် စုံတစ်ခုကို မြွက်ဟတော့မလိုလိုနဲ့ ခဏခဏ ဖွင့်ဟ၊ ဒါပေမဲ့ ဘာစကားသံမှ ထွက်မလာခဲ့ ဘူး။ သူ ပြုံးတယ်။ ခဏခဏ ပြုံးတယ်။ ကြည့်နူးမှုဆိုတဲ့ အပြုံးတွေလို့ ဘယ်သူမှ မသတ် မှတ်ပါနဲ့။ သူ့အပြုံးက သူ့ကိုယ်သူ သတ်မှတ်လိုက်တယ်။

***

အမှိုက်ပုံက သက်ရှိလေးဟာ အနီးစလေးကြားမှာ လူးလူးလွန့်လွန့်နဲ့ သူအသက် ရှိသေးကြောင်း တဝါးဝါးငိုပြ…သူ့လက်ကို ဆွဲထူပေးဖို့ သူ့ကို တယုတယနဲ့ ပိုက်ထွေးပေးဖို့ ဘယ်သူမှ သတ္တိမရှိကြတဲ့အခါ ရပ်ကွက်ရုံးဖွင့်သည်အထိ စောင့်ကြတာပေ့ါလို့ တစ် ယောက်တစ်ပေါက်ပြောကြရင်း စားပွဲခုံလေးတစ်ခုပေါ် ရွှေ့ပြောင်းခံလိုက်ရ… သူ့ဘေးနား ကနေ ချစ်စရာလေးနော်ဆိုတဲ့ စကားကို ပြောနေကြသူတွေဟာ သူ့လက်ကို တကယ်ထွေး ပွေ့ဖို့ သတ္တိမရှိကြရှာဘူး။

သူ သက်ရှိတစ်ကောင်ပါလို့ သက်ရှိလေးက ထပ်မံ အသိပေးလိုက်တဲ့အနေနဲ့ ရယ် ပြ၊ ပြုံးပြ၊ ချစ်ကြည် ကလူချင်သူတွေ တဖြည်းဖြည်း များလာတယ်။ ရပ်ကွက်ရုံးကြီးက မဖွင့်သေးဘူး။ တဖြည်းဖြည်းနဲ့

သက်ရှိလေးနားမှာ အလုပ်လက်မဲ့ ကလေးမလေးတစ် ယောက်သာ ကျန်ရစ်ခဲ့၊ ကျန်သူတွေကတော့ ထမင်းချိုင့်ကိုယ်စီနဲ့ အလုပ်ကိုယ်စီကို ခရီး ဆက်။ သူတို့ပြန်လာချိန်မှာ သက်ရှိလေးဟာ တစ်ယောက်ယောက်ရဲ့ လက်ထဲရောက် လောက်ပြီဆိုတဲ့ အတွေးနဲ့ပဲ မြူးမြူးထူးထူး အလုပ်သွားကြလေတယ်။

သက်ရှိလေးရဲ့ ခပ်နက်နက်ဆံပင်တွေဟာ DNA စစ်ပြီး အဖေဘယ်သူ၊ အမေ ဘယ်ဝါ ရှာလို့ရနိုင်မယ့် ဒီနိုင်ငံရှိ လူကုန်ရဲ့ DNA တောင်စုစည်းပြီးသား မရှိလောက်သေး တဲ့အခါ ကွန်ပြူတာတွေနဲ့ စမ်းသပ်စစ်ဆေးတဲ့ ဌာနမဟုတ်တဲ့ သာမန်ခပ်ချာချာ ရပ်ကွက် ရုံးဟာ ညရှစ်နာရီထိုးတာနဲ့ တံခါးကြီးကို လာဖွင့်လို့ ဟောင်းနွမ်းနေတဲ့ မှတ်တမ်း စာအုပ် ကြီးကိုလှန်ရင်း ဘောပင်အသစ်လေးနဲ့ ဖြည့်လိုက်ပါတော့တယ်။

မြို့နယ် ဘယ်ဝါ၊ ရပ်ကွက် အမှတ် ဘယ်လောက်၊ အမှိုက်ပုံကြီးပေါ်ရှိ စွန့်ပစ်သက် ရှိလေးတစ်ဦး…သက်ရှိလေးနှင့် အတူပါဝင်လာသည်က အနှီးတစ်စုံ……

***

## မြင်ကွင်း(၂)

“အဖေ အမေ မပေါ်သေးခင်မှာ ဒီကလေးကို ထိန်းသိမ်း စောင့်ရှောက်ရပါမယ်။ ကျွန်တော့်အိမ်မှာက သက်ကြီးရွယ်အို ကျွန်တော့်အဖေရှိနေတဲ့အတွက် ည…ည ကလေး အော်သံကြောင့် အဖေ လန့်နိုးမှာ စိုးပါတယ်။ တွေ့ရှိသူတစ်ယောက် တာဝန်ယူပေးပါ” ဆို တဲ့ စကားမှာ တွေ့ရှိသူတွေဟာ အလျှိုလျှို ပျောက်ဆုံး ပုန်းကွယ်ဖို့ ကြိုးစားကြရှာတယ်။ သက်ရှိလေးတစ်ကောင်ကို ယာယီသိမ်းဆည်းဖို့ နေရာသူတို့မှာ မရှိရှာဘူးတဲ့လေ။

သက်ရှိလေးကတော့ ဟိုလူ ဒီလူ ကလူမြူးနေတဲ့ကြားမှာ ပြုံးပြုံးပျော်ပျော်နဲ့ တဝါး ဝါး ငိုသံတောင် မရှိရှာဘူး။ ခိုးခိုးခစ်ခစ် ရယ်ပြနေလေရဲ့။

တွေ့ရှိသူက သမီးတို့ပါ။ ဒါပေမဲ့ သမီးတို့နယ်ကလာပြီး အလုပ်လုပ်တဲ့ အဆောင်သူ တွေဆိုတော့ ကလေးခေါ်လို့မရပါဘူး။ ဆိုတဲ့ စကားနဲ့ ကောင်မလေးနှစ်ယောက်ဟာ တရားခံအဖြစ် လူထုံးထွက်ပြရှာ။ ကြည့်သူ မြင်သူ လူစုစုရုန်းရုန်းမှာ သူတို့ မျက်နှာနီနီရဲရဲ လေးတွေဟာ သက်ရှိလေးအတွက် စိတ်မကောင်းတာလား။ သူတို့အဖြစ်အတွက် ရှက်နေ ရရှာလေသလား။

ရပ်ကွက်လူကြီးရဲ့ မျက်နှာမာမာဟာ ဆက်မာနေတုန်း။ မေးခွန်းတွေ တရစပ်နဲ့ ဒီ သက်ရှိလေးကို ယာယီ ထိန်းသိမ်းဖို့ တောင်းဆိုနေတုန်း။ ဘယ်သူဘယ်ဝါ အဖေမပေါ် အမေမပေါ်တဲ့ သက်ရှိလေးအပေါ်လည်း မလိုတမာ အကြည့်နဲ့ ခဏခဏကြည့်တတ် သေးတယ်။

***

## မြင်ကွင်း (၃)

ရတ်တရက် လွင့်လာတဲ့ မျက်ရည်စရဲ့ ရနံ့တွေနဲ့အတူ မိန်းကလေးတစ်ယောက် ဟာ သွေးရူးသွေးတန်း လမ်းလျှောက်နေတယ်။ သူ့လက်တွေဟာ ရွှံ့ပေ သဲပေ ညစ်ပေရာ ဗလပွနဲ့…သူ့ ခြေထောက်ဟာ ဖိနပ်စီးဖို့ အမေ့မေ့ အလျော့အလျော့….

သူ့ဆံပင်ဟာ အပြေပြေ အလျော့လျော့…သူ့မျက်ဝန်းတွေဟာ နီရဲရောင်ကိုင်း…သူ ငိုနေခဲ့တယ်။ သူ ငိုရင်း လမ်းလျှောက်လာတယ်။ တစ်ချက် တစ်ချက် တင်းလာတဲ့ သူ့ရင် အုံဟာ အဖြူရောင်သွေးစတွေ ထွက်ထွက်ကြတယ်။ သူ ငိုတယ်။ ပို ပိုပြီး ငိုတယ်။ “သားရေ သမီးရေ” လို့ တတွတ်တွတ် ရွတ်နေတဲ့

သူ့အသံတွေဟာ အက်ကွဲ ရှတ။ သူ့လက်အစုံဟာ တဲအိုဇရပ်ပျက်ကို မြေလှန်ပစ်ဖို့လည်း ဝန်မလေးဘူး။ သူ စိတ်ဝင်စားနေ တာ အူငဲလို့ ထွက်လာမယ့် အသံပိုင်ရှင်။

ဇာတ်ဝင်ခန်း တစ်ခုလိုပဲ။ အမည်းရောင် ဖိမ်ခံကားကြီး တစ်စင်း ထိုးရပ်၊ ဗီလိန်နှစ် ယောက်ဟာ မင်းသမီး အရူးမလေးကို ကားထဲ ဆွဲခေါ်သလိုမျိုးပဲ။ စိန်နားကပ်တဝင်းဝင်းနဲ့ အသက်ကြီးကြီး မိန်းမကြီးဟာ မိန်းကလေးကို ကားထဲထည့်ဖို့ ညွှန်ကြားနေတယ်။ ထူးဆန်းတာက သူ့မျက်လုံးမှာလည်း မျက်ရည်စတွေနဲ့.....

သူ့တစ်ကိုယ်လုံး စိန်ရောင် ရွှေရောင် ဝင်းဝင်းလက်လက်နေပေမယ့် သူ့မျက်နှာဟာ အညိုရောင်သမ်းနေတယ်။ သူ့ ဆံပင်တွေဟာလည်း မဖြီးသင်ရသေးဘဲ စုစည်းဆွဲချည်လာ တဲ့ ပုံပေါက်နေတယ်။ သူ ကိုယ်တိုင် ငိုနေတဲ့အကြောင်း သူ ကိုယ်တိုင်မေ့နေဟန်နဲ့ အသက်ကြီးကြီး မိန်းမကြီးဟာ လက်ညှိုးတထိုးထိုးနဲ့ ခိုင်းစေလို့။ နောက်ဆုံးတော့ မိန်းက လေးဟာ ကားထဲရောက်သွားသလို သူကိုယ်တိုင်လည်း ကားထဲရောက်သွားခဲ့ပေ့ါ။

အနှီးတစ်စုံဟာ ဘယ်ကနေ မွေးဖွားလာတာမှန်း သူ့ကိုယ်သူ ပြန်စဉ်းစားလိုက် တော့ မြို့ကြီးပြကြီးက မွေးဖွားလာတာမှန်း သူ့ကိုယ်သူ အမှတ်ရသွားတယ်။

သူ့ညီအစ်ကို မောင်နှမတွေနဲ့ စုစုစည်းစည်း ရှိတဲ့အချိန်မှာ ဖြတ်ချလိုက်တဲ့ ကပ်ကြေးကိုင်ထားတဲ့လက်မှာ စိန်ရောင်ရွှေရောင်တွေ တဝင်းဝင်းလက်နေတာ သူ မှတ်မိလိုက် တယ်။

ခုသူ ပွေ့ဖက်ထားရတဲ့ သက်ရှိလေးဟာ အဲဒီ စိန်ရောင် ရွှေရောင် ပိုင်ရှင်ရဲ့အမျိုး၊ သူသိခဲ့တာ မှားများသွားသလားလို့ သူ့အသိကို အနှီးတစ်စုံက ပြန်ဆန်းစစ်လိုက်တယ်။ မ မှားပါဘူး။ ဒီသက်ရှိလေးကို ပွေ့ဖက်ဖို့ သူ့ကို အဲဒီ

စိန်ရောင် ရွှေရောင် လက်ပိုင်ရှင်ကိုယ် တိုင် ခိုင်းစေခဲ့တာ မဟုတ်လား။

ခုတော့ သူကော သက်ရှိလေးပါ စားပွဲခုံတစ်ခုပေါ် ငြိမ်ငြိမ် သက်သက် ရပ်နေရတယ်။

သက်ရှိလေးရဲ့ လှုပ်တုပ်လှုပ်တုပ် အပြုအမူ သူပါ ရောယောင်လှုပ်ရှားရတာ ကလွဲ လို့ အရာရာဟာ တိတ်ဆိတ်ငြိမ်သက်နေလေရဲ့။

***

## မြင်ကွင်း (၄)

"ကျွန်မ ထိန်းသိမ်းပါရစေ" ဆိုတဲ စကားနဲ့ လူအုပ်ရှေ့ကို ထွက်လာတာက အရိုးပြိုင်းပြိုင်းနဲ့ ပိန်လှီနေတဲ့ ကက်သရင်း။

ကက်သရင်းဟာ တချိန်ကတော့ လှခဲ့တယ်။ အခုလည်း တချို့သောသူတွေ အတွက်တော့ လှနေဆဲပါပဲ။ ကက်သရင်းဟာ မချမ်းသာဘူး။ ကက်သရင်းဟာ အိမ်ထောင် မရှိဘူး။ ကက်သရင်းဟာ ကလေးမရှိဘူး။ ဒါပေမဲ့ ကက်သရင်းမှာ ယောကျ်ားရှိတယ်။ ကက်သရင်းရဲ့ ယောကျ်ားဟာ ဘယ်သူမဆိုဖြစ်နိုင်တယ်။ ကက်သရင်းရဲ့ လက်ကို တစ်စုံ တစ်ပေးအပ်လိုက်တာနဲ့ အဲဒီ လူဟာ တစ်ခုသော အချိန်အတိုင်းအတာထိ ကက်သရင်းရဲ့ ယောကျ်ားဖြစ်ခွင့်ရှိတယ်။

ရုတ်တရက် တိတ်ဆိတ်သွားပြီးနောက် ဆူညံဆူညံအသံတွေထွက်ပေါ်လာလေရဲ့။ မပေးချင်ဘူးဆိုတဲ့ မျက်နှာအမူအယာတွေဟာ လူတိုင်းရဲ့ မျက်နှာပြင်မှာ ပေါ်ပေါက်လာ တယ်။ ဒီဆင်းရဲသားရပ်ကွက်ထဲမှာ ကက်သရင်းနဲ့ အကြောင်းအရာဟာ ဟိုးလေးတကြော် ကြော်။ ရပ်ရွာနာတယ်ဆိုတဲ့အကြောင်းနဲ့ ရပ်ကွက်က နှင်ထုတ်ဖို့တောင်

တိုင်ပင်ကြပြီး သား။ ဒီလိုအချိန်မှာ သက်ရှိလေတစ်ကောင် ပေါ်ပေါက်လာခြင်းဖြစ်တယ်။

သက်ရှိလေးဟာ မူလတန်ဖိုးထက်တော့ အနည်းငယ် တန်ဖိုးမြင့်လာပြီလို့ ဆိုနိုင် လာပြီဖြစ်တယ်။ သူ့ကို ယာယီထိန်းသိမ်းချင်တဲ့ သူတစ်ယောက် ထွက်ပေါ်လာပြီ မဟုတ် လား။ ဒီလိုပဲ သူ့ကိုမပေးချင်ဘူးလို့ တားမြစ်ချင်နေတဲ့သူတွေလည်း ထွက်ပေါ်လာကြပြီ။

***

## မြင်ကွင်း (၅)

ကက်သရင်းရဲ့လက်ဟာ သက်ရှိလေးကို ထွေးပွေ့လိုက်တယ်။ ရပ်ကွက်လူကြီးရဲ့ မျက်နှာမာဟာ လျော့သွာတယ်။

“နင်က ညဘက် အလုပ်လုပ်တာကို သူ့ကို ဘယ်လိုလုပ်ခေါ်ထားနိုင်မှာလဲ” လို့ လဲ မေးလိုက်သေးရဲ့။

“ဒီည အလုပ်မလုပ်ဘူးလို့ ဖြေလိုက်” တဲ့ ကက်သရင်းရဲ့အသံမှာ ရပ်ကွက်လူကြီး ရဲ့ မျက်နှာဟာ အကြောင်းပြချက်မရှိ မည်းမှောင်သွားတယ်။

ဒီလိုနဲ့ ရပ်ကွက်ရုံးကြီးဟာ သူ့အလုပ်သူ ဆက်လုပ်ဖို့ပြင်တယ်။ ကက်သရင်းဟာ သက်ရှိလေးကိုချီပြီး ယာယီထိန်းသိမ်းသူဆိုတဲ့နေရာမှာ လက်မှတ်ထိုးဖို့ ပြင်လိုက်တယ်။

ရန်းစု ရန်းစုနဲ့ လူအုပ်ကြီးဟာ တားမြစ်နေချင်ကြတယ်။ ဘယ်သူမှ မတားမြစ်နိုင် ကြဘူး။

ဒီလိုနဲ့ပဲ သက်ရှိလေးဟာ ကက်သရင်းရဲ့အိမ်ကို ပါသွားတော့မယ်။

ကက်သရင်းရဲ့ မျက်နှာပေါ်က ကြည်နူးမှုကိုကြည့်ပြီး လူအုပ်ကြီးဟာ အိမ်မပြန်နိုင်ကြသေးဘူး။ ကက်သ ရင်းလက်ထဲက သက်ရှိလေးကို စားပွဲပေါ်တင်ခိုင်းလိုက်တယ်။ မနက်ကတည်းက သိထား ကြပေမယ့် လူအများရှေ့မှာ ဘာအမျိုးအစားလဲဆိုတာ ခွဲဖို့ အနီးကို ဖွင့်လိုကကြတယ်။ အံ့သြစရာပါပဲ။

တစ်ချိန်လုံးရယ်ငိနေတဲ့ သက်ရှိလေးဟာ ရုတ်တရက် တဝါးဝါးငိုသွားတယ်။ ထိန်းမနိုင် သိမ်းမရစီးကျလာတဲ့ မျက်ရည်တွေဟာ ကလေးတန်မဲ့ များလိုက်တာ။

အဲဒီ အချိန်မှာပဲ ရပ်ကွက်ရုံးရှေ့ကနေ ကားမည်းကြီးတစ်စီး ဖြတ်သွားတာ ဘယ်သူ မှ သတိမထားမိလိုက်ကြဘူး။

သက်ရှိလေးဟာ တွန်းတွန်းထိုးထိုးငိုရင်း အနီးကို ခြေနဲ့ ကန်ကျောက်ပစ်နေ တယ်။ ကားမည်းကြီးကတော့ ဝေးသထက် ဝေးသွား... ထူးထူးဆန်းဆန်း မျက်ရည်ရနံ့တွေတော့ ကျန်ခဲ့သလိုလို....

***

## အ ရွှေ ဇွန် ၏ သား ကောင်

“ သူမ လိုချင်တပ်မက်ခဲ့သောအရာ
ပိုပြီးခက်နက်နက်လေး တူးဆီလိုက်တော့
လက်ဖျံမှ နာကျင်မှုက အသည်းထိ
စိမ့်သွားရသည်။ သို့သော် သူမ မရပ်နိုင်။
ဒီအရသာကနေ ရုန်းမထွက်နိုင်။
လျှာဖျားမှအရသာသည်
တစ်ကိုယ်လုံးရှိအကြောများ
စိမ့်သွားလောက်အောင်ကို
ဆွဲဆောင်မှု ပြင်းလွန်းလှသည်။
လုံလောက်သော ကျေနပ်
နှစ်သိမ့်မှုတစ်ခုရသည်ထိ
ဒီအရသာကို သူမ
ဆက်လက်သုံးဆောင်ရမည်။



# အဇ္ဈတ္တ၏သားကောင်

တဆတ်ဆတ်တုန်နေသည့် လက်များဆီမှ တစ်စုံတစ်ခုကို တောင့်တနေကြောင်း အသိပေး နေသည်။ မဖြစ်ဘူးဟူသည့် အသိနှင့် တားထားသော်ငြား လက်တို့ကတော့ တဆတ်ဆတ်တုန်နေ ဆဲ။

ညှီနံ့နဲ့ ချိုရှဲင်ကျိုနေတဲ့ ဒီအရသာဆိုတာ သေချာပါသည်။ လျှာဖျားမှတစ်ဆင့်စီးဝင်လာမှုနှင့် အတူ လူတစ်ကိုယ်လုံး လေထဲမြောက်တက်နေသလို ထင်ရ၏ ။ တိမ်လွှာစီးနေသည့် အရသာဆို သည်မှာ ဒါကို ခေါ်လေသလား။

သူမ လိုချင်တပ်မက်ခဲ့သောအရာ.. ပိုပြီး ခက်နက်နက်လေး တူးဆွလိုက်တော့ လျက်ဖျံမှ နာကျင်မှုက အသည်းထိစိမ့်သွားရသည်။ သို့သော် သူမ မရပ်နိုင်။ ဒီအရသာကနေ ရုန်းမထွက်နိုင်။ လျှာဖျားမှ အရသာသည် တစ်ကိုယ်လုံးရှိ အကြောများ စိမ့်သွားလောက်အောင်ကို ဆွဲဆောင်မှု ပြင်းလွန်းလှသည်။ လုံလောက်သော ကျေနပ်နှစ်သိမ့်မှုတစ်ခုရသည်အထိ ဒီအရသာကို သူမ ဆက်လက်သုံးဆောင်ရမည်။

နှလုံးအောင့်တက်လာခြင်းကြောင့် လက်ဖျံကို နှုတ်ခမ်းဖမှ ဖြတ်လိုက်ကမိသည်။ လက်ဖျံမှ နာကျင်မှုသည် နှလုံးထိ စီးဆင်းသွားလေသလား။ ဘာဖြစ်ဖြစ် ဒီနေ့အတွက်တော့ လက်ဖျံကို အနားပေးသင့်နေပြီ။

လက်ဖျံမှ နာကျင်မှုသည် တစ်ကိုယ်လုံး လွင့်တက်လုအောင်အထိ တက်ကြွနေသော စိတ် ကို မထိန်းနိုင။ လက်ဖျံကို ပတ်တီးစည်းဖို့ရာကြည့်လိုက်တော့ လက်ဖျံတွင် သွားကိုက်ရာများသည် နေရာအနှံ့အပြား၌ ရှိနေပြီးဖြစ်သည်။ ဒီအကျင့်ကို သူမ ရပ်သင့်ပြီဟု သတိပေးရင် ပတ်တီးစည်းနေ မိသည်။ သို့သော် သူမ စိတ်ကို သူမနိုင်ပါမည်လားဆိုသည့် အတွေးကို တွေးမိတော့ လန့်သွားရ သည်။

မဖြစ်… မဖြစ်ချေတော့။ သည်အကျင့်ကြီး ဖျောက်မှရတော့မည်။ ဒီအကျင့်နှင့် သူမ ရင်းနှီးမိ သည်မှာ မကြာသေးပေမယ့် လက်ကတော့ သူ့ဒဏ်ရာတွေကို ပြသရင်း နားသင့်ပြီဟု အကြံပေး ချေပြီ။

မျက်လုံးအစုံကို မှိတ်ရင်း လျှာဖျားမှ လက်ကျန်ကို အရသာခံနေမိသည်။ ထို့အတူ စိတ်တို့ ကလည်း…

***

## (၁)

"အာ့"

လက်ကိုကြည့်ရင်း စိတ်ညစ်သွားမိသည်။ ဒီလက်ကို ရှသွားလောက်အောင်အထိ သူမရဲ့ အတွေးတွေ ဘယ်ရောက်နေပါလဲဟုလည်း ကိုယ့်ကိုယ်ကိုစိတ်တိုရင် လက်ကိုဖိဖို့ရာ အနီးအနား သို့ ရှာကြည့်တော့ လက်ခုစုတ်ကလွဲ၍ ဘာမျှမရှိ။

လက်ကို ဘေစင်တွင် ဆေး၍ ဖိလိုက်တော့ ထွက်လာသော အနီရဲရဲမဟုတ်သည့် ပန်းရောင် ဖျော့ဖျော့သွေးစတို့ကို ကြည့်ရင်း သူမနှုတ်ခမ်းဖြင့် ဖိကိုက်ချင်လာသည်။ လက်ကို နှုတ် ခမ်းသို့တင်မိရင်း သွေးတို့ကို စုတ်ထုတ်လိုက်သည်။ ထို့နောက် မြေပြင်ပေါ် ထွေးချလိုက်တော့ မြေ ပြင်ဝယ် ပြန့်ကျဲသွားသည်က ပန်းနုရောင်တံတွေးစများ။

"အိုး.. နှမြောလိုက်တာ"

ကိုယ့်အတွေးကိုယ် ထိတ်လန့်သွားရရင်း မြေပြင်မှ အကြည့်လွှဲလိုက်ရသည်။ ဘာကိုမှ နှမြောတာလဲဟု မသေချာစွာဖြင့်

ခဲတံဆက်ချွန်လိုက်သည်။ သို့သော် နှုတ်ခမ်းထက်ရှိ အရသာခံ လျှာလေးကတော့ ချွဲကျိကျိ ငန်တံတံ အရသာလေးကို စွဲကျန်စွာဖြင့်ထပ်မံကာ လိုချင်နေသေး ကြောင်း ပြောပြနေသလိုလို။ သတိတရနှင့် လက်မှ ဓားရှရာကို ကြည့်လိုက်တော့ ဖြူဖျော့နေသည် မှာ ရှိသမျှသွေးတို့ အစုတ်ခံလိုက်ရသည့်ဟန်ရှိ၏ ။

"သြော်.. ငါ့ညီမရယ် ခဲတံချွန်တာများ ကိုကိုကြီးကိုချွန်ခိုင်းပေါ့။ ခုတော့ လက်ထိသွားရပြီ မဟုတ်လား။ သွား သွား ပလာစတာသွားကပ်ချေ။ ခဲတံကိုကိုကြီး ချွန်ထားလိုက်မယ်"

အနားကပ်ပြောလိုက်သည့် ကိုကိုကြီးစကားသံကြောင့် အထိတ်တလန့်မော့ကြည့်မိကာ ဆေးပစ္စည်းများထားသည့် အခန်းသို့ပြေးသွားလိုက်မိသည်။ လက်မှ နာကျင်မှုနှင့်အတူ ရင်ထဲဝယ် တစ်စုံတစ်ရာကိုပါ ကျေနပ်နှစ်သိမ့်နေခဲ့သည်ကိုတော့ ကိုကိုကြီးအား မပြောဖြစ်ခဲ့။

***

မဟုတ်ဘူး။ မဆေးနဲ့လေ။ နှာမြောဖို့ကောင်းလိုက်တဲ့ သွေးတွေ ရေနဲ့အတူ မျောသွားကြ ရရှာတယ်။

ဇော်ဇော့်လက်မှ သွေးများဆေးနေသည်ကိုကြည့်ရင်း အတွေးတွေက သူမကို နှိပ်စက် လာသည်။ မခံနိုင်လွန်းစွာနှင့် မျက်လုံးအစုံကို မှိတ်လိုက်တော့ မျက်ဝန်းထဲပေါ်သည်က အနီ ရောင်။ အနီရင့်ရင့် အရောင်များ ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲလျက်။ လက်မှ ဆစ်ခနဲ နာကျင်သွားသ လိုရှိ၏ ။

သတိဝင်၍ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်တော့ တစ်နေ့က ဓားရှသည့်အနာကို နှုတ်ခမ်း ဂတွင်တေ့ကာ သွားဖြင့်ကိုက်ဖြတ်ဖို့ ကြိုးစားနေခြင်းပင်။ အလန့်တကြားနှင့် လက်ကို ရုတ်သိမ်းမိ ရင်းဇော်ဇော့်ကို

ကြည့်လိုက်တော့ ဇော်ဇော်နှင့် သူ့သူငယ်ချင်းကဖြင့် ခြင်းလုံးပြန်ခတ်နေပြီဖြစ်သည်။

ခြင်းလုံးခတ်၍ လဲရာမှ ဇော်ဇော်လက်ဝယ် ကျောက်ခဲနဲ့ခြစ်မိကာ ဒဏ်ရာရသွားခြင်းဖြစ် သည်။ ကျောင်းမှ အပြန်လမ်းတစ်လျှောက်ဝယ် ကျောင်းကစားကွင်းအတွင်းမှ ဇော်ဇော့်ဒဏ်ရာကို သာ မြင်ယောင်နေမိသည်။ အနီရောင်...

ဖေဖေနှင့် မေမေ့အခန်းဆီမှ လဲပြိုသံများနှင့်အတူ ဆူညံလွန်းသည့်အသံများစွာ ထွက်ပေါ် လာပြန်ခြင်းကြောင့် နားနှစ်ဖက်ကို လက်ဖြင့်ဖွတ်အတင်းအုပ်ထားလိုက်မိသည်။ ကိုကိုကြီး ထွက်သွားပြီဖြစ်သည်။ ကိုကိုကြီးသည် သူမတို့နှင့် မနေ။ ပုသိမ်မှ အဖိုး၊ အဖွားများနှင့်သာ သွားနေမည်ဟုဆိုကာ ထွက်သွားခြင်းဖြစ်သည်။

မေမေ မတားခဲ့။ ဖေဖေကလည်း မတားခဲ့။ ညစဉ် ရန်ဖြစ်နေသော မေမေနှင့် ဖေဖေ့ကို တစ်ညတွင် ကိုကိုဘကြီးဝင်ဆွဲ၍ ကိုကိုကြီးပါးတစ်ခြမ်းရောင်ကိုင်းနေခဲ့ဖူးသည်။ ထိုနေ့မှစ၍ ကိုကို ကြီးကို ပုသိမ်းသို့ထွက်ခွာသွားခဲ့ခြင်းပင်။

မျက်ဝန်းအစုံကို မှိတ်ရင်း အိပ်စက်ဖို့ကြိုးစားမိသည်။ သို့သော် မှိတ်ထားသည့် အမြင်လွှာ တွင် ဇော်ဇော့်လက်ဖျံက သွေးများ ရဲလျှက်ပေါ်လာသည်။ ခေါင်းကို ဆတ်ခနဲခါပစ်မိရင်း မျက်လုံး အစုံကို ဖွင့်လိုက်မှိတ်လိုက်လုပ်ကာ အာရုံပြောင်း ကြည့်သည်။

ဖျတ်ခနဲ ဖျတ်ခနဲပေါ်လာသည်က အနီကွက်များ၊ တလက်လက်တောက်ပနေသော အနီ ကွက်များ လျှာဖျားမှ စိမ့်ဆင်းလာသည့် ချဉ်တင်အရသာကြောင့် ခံတွင်းချဉ်တယ်ဆိုတာ ဒါမျိုးများ လားဟုတွေးရင် ရေထသောက်လိုက်သည်။ သို့သော် မပြေသေးသလိုလို။ ယောကျ်ားလေးများ

ခံတွင်းချဉ်လျှင် ဆေးလိပ်သောကြသည်ဟု ကြားဖူး၏။ သူမကတော့ ခံတွင်းချဉ်ခြင်း ပျောက်ဖို့ ရာ ဘာလုပ်ရမည်လဲ။

မျက်ဝန်းအစုံက စာကြည့်စားပွဲပေါ်မှ ခဲချွန်ဓားလေးရှိရာသို့ ရောက်သွားသည်။ မဖြစ်သင့် ဘူးဟုအလန့်တကြား ခေါင်းခါလိုက်မိရင်း စောင်ခြုံထဲသို့ တိုးဝင်လိုက်သည်။ သို့သော် မျက်ဝန်း အစုံသို့ လာရောက် နှောင့်ယှက်နေသည်က ခဲချွန်ဓားတစ်ချောင်း။

***

## (၂)

မေမေနှင့် ဖေဖေသည်လည်း ပုသိမ်ရှိ ကိုကိုကြီးထံဝယ် သွားရောက်နေထိုင်ခဲ့ပြီဖြစ်သည်။ သူမကတော့ ဘွဲ့ရကတည်းက ရန်ကုန်တွင် အဆောင်ငှားနေရင်းဖြင့်သာ ကျန်ရှိခဲ့၏။ ဒီအချိန်မှာ တော့ မေမေနှင့် ဖေဖေ့ကြားဝယ် ဆက်လက်ဝင်မပါလို့တော့။ အကြောင်းအရာမဲ့ ခေါင်းစသ်ရန်ပွဲ များကိုလည်း မကြားချင်တော့။ ထို့အတွက်ပင် ရန်ကုန်တွင် ကျန်ရှိခဲ့ခြင်းပင်။

ညစဉ် အိပ်မက်များ ခြောက်လှန့်နေသည့်ကြားမှ အနီရင့်ရင့် အိပ်မက်ကို သူမ မေ့လျော့ နိုင်အောင် ကြိုးစားနိုင်ခဲ့သည်။ မျက်စိရှေ့ဝယ် အနီနှင့်ပတ်သက်သမျှ မည်သည့်အရာနှင့်မျှ မထိ တွေ့မိအောင် ကြိုးစားနိုင်ခဲ့ပြီဖြစ်၏။ သို့သော် အနီရောင်သည် သူမရှေ့သို့ တစ်ကျော့ပြန်ရောက်ရှိ လာသောအခါ.။

***

“သွယ် ဒီနေ့အလုပ် မနားဘူးလား။ နင် မနေ့ညက ဖျားနေလို့

နားမယ်ထင်လို့ ငါက မခေါ်ဘဲ ထွက်လာခဲ့တာ”

“အစ်မသွယ် ဒီနေ့ အလုပ်လာတာ နောက်ကျတယ်နော်”

အိအိနှင့် သန့်ရှင်းရေး အလုပ်သမားလေးများ၏ နှုတ်ခွန်းဆက်သံကို ခေါင်းသာညိတ်ပြနိုင် ရန်း ပြန်ပြုံးပြဖို့ကိုတော့ စိတ်မပါခဲ့ပါ။ ကိုယ့်အလုပ်ရှိရာ ကောင်တာဆီသို့သာ ခြေတို့ဦးတည်နေမိ ရင်း...

ဘောက်ချာကို လက်မှကျွမ်းကျင်စွာ ရေးနေသော်လည်း စိတ်က အလုပ်တွင်မရှိပြီ။ ကွန်ပျူ တာမှ အလိုအလျောက် တွက်ထုတ်ပေးသော ဆော့ဖ်ဝဲလ်နှင့် ငွေရေစက်နှစ်ခုကြောင့်သာ အလုပ် တို့ တိကျနေခြင်းဖြစ်သည်။ ရေနေမိသောမှန်အချပ်ရေတို့ကို ဘောက်ချာနှင့် ကိုက်ညီမညီပြန်စစ် ဆေးလိုက်သည်။

ထို့နောက် ဘောက်ချာကို အိအိဆီလှမ်းပေးလိုက်ရင်း သူမ နောက်ထပ်ဝယ်ယူသူဆီသို့ လှည့်လိုက်စဉ် လက်ဖမိုးဆီမှ စူးခနဲ ခံစားလိုက်သည်ကိုတွေ့ရ၏ ။ မှန်ချပ်နှင့် ထိကာရှသွားခြင်း သာ။

စို့တက်နေသည့် သွေးစလေးတို့ကိုကြည့်ရင်း လှိုက်ခနဲ ခုန်တက်လာသော ပျော်ရွှင်မှုတို့ကို ထိန်းမရနိုင်ခဲ့။ ခြောက်သွေ့နေသော ခံစားချက်တို့သည် ရုတ်တရက် စိမ်းလန်းစိုပြည်လာသလို ထင်ရ၏ ။ မှန်ဆိုင်မှာ သူမ အလုပ်ဝင်လာတာ လေးလနီးပါးရှိသော်ငြား တစ်ခါမျှ မှန်မရှဖူး။ မရှဖြစ် အောင် သတိထားခဲ့သည်။ ခုတော့ ထိုကဲ့သို့နေခဲ့ခြင်းသည်ပင် သူမ စိတ်၏ နုပျိုမှုတို့ ပျောက်ဆုံး ခြင်းအစဟု စွဲမှတ်လိုက်၏ ။ စိတ်ထဲမှ ဒိတ်ဒိတ်ခုန်လာသော ပျော်ရွှင်မှုနှင့်အတူ လတ်ဆတ်သည့်ရ နံ့တို့ကို ရှူရှိုက်လိုက်၏ ။

“အစ်မ သွယ် ..ပလာစတာ”

ဝန်ထမ်းတစ်ယောက်ပေးလာသော အနာကပ်ပလာစတာကို ယူရင်း ဝန်ထမ်းများ နားနေ ခန်းဆီသို့ ထွက်လာလိုက်သည်။ အနောက်က

ကျန်ခဲ့သူတို့ကတော့ ထင်လိမ့်မယ်။ ပလာစတာ ကပ်ရန် အနာကို သွားဆေးခြင်းဟု။ အနာကို သွားဆေးသည်ကတော့ ဟုတ်ပါသည်။ သို့သော် ပလာစတာကပ်ရန် သီးသန့်တော့ မဟုတ်။

“သွယ်.. သူဌေးခေါ်နေတယ် နင့်ကို”

အနောက်မှ လှမ်းခေါ်လိုက်သောအသံကြောင့် လှည့်ကြည့်လိုက်တော့ အိအိ… လာခဲ့မယ် ဟူသည့်သဘောနှင့် ခေါင်းဆတ်ပြလိုက်ပြီး လုပ်လက်စအလုပ်ကို လက်စသတ်ရန် ပြင်လိုက် သည်။ မှန်ရှရာလေးကို ကွက်နေသော သွားရာလေးများကို မမြင်ရန် ပလာစတာနောက်တစ်ခု လိုအပ်ပါသည်။ ဒီအချိန်မှာတော့ မနေ့ကတည်းက လိုအပ်နေသော တစ်စုံတစ်ရာသည် သူမကိုယ် ထဲသို့ခုန်ဆင်းကာ အားအင်တို့ ဖြည့်ဆည်းပေးလိုက်သလို ထင်ရ၏ ။

လှမ်းလိုက်သမျှ ခြေလှမ်းတိုင်းသည် အားအင်တို့ အပြည့်လွှန်နေမလားဟူသည့် အတွေး ဖြင့် ခြေလှမ်းတို့ကို သိမ်မွေ့မှုရှိအောင် အေးအေးသက်သာ လှမ်းလိုက်ရသည်။

“သမီး သွယ်လေး နေကောင်းရဲ့လား”

“ကောင်းပါတယ် အန်တီ”

ပြန်ဖြေလိုက်သည့် သူမ၏ အသံမှာ အားအင်အပြည့်ပါနေသည်ဟု သူမ ယုံကြည် ပါသည်။

“အစ်မသွယ်လေးက တစ်နေ့တခြား ကြောက်ဖို့ကောင်းလာပြီး ပိန်ညှော်ဖြူဆုပ်နေတဲ့ မျက်နှာနဲ့ အလုပ်ကို ဘယ်လိုများ လာပါလိမ့်။ အစ်မ အိအိကတော့ သူ့သူငယ်ချင်းကို နားဖို့ မပြောဘူးလား မသိဘူး”

“နောက်နားဆီမှ ကြားနေရသော စကားသံတို့ကို သူမ သရုပ်မခွဲတတ်။ ဘာအကြောင်း အရာကို ပြောနေတယ်ဆိုတာကိုပင် တော်တော်နားထောင်ယူရ၏ ။

စိတ်ထောင်းကိုယ်ကြေဆို သော စသကားလောက်သာ ကြားရသည်မို့ ခေါင်းကို ဆတ်ခနဲ ခါးယမ်းပစ်ရင်း အလုပ်လုပ်ဖို့ ကြိုး စားလိုက်သည်။

ထိုအကြောင်းအရာကို စဉ်းစားဖို့ထက် ဆန်ခနဲ ဆတ်ခနဲ ကျဉ်တက်လာသော လက်မှ အနာကနာကျင်မှုကို ပြေလျော့စေလိုခြင်းမဟုတ်ပါပဲ။ လျှာဖျားမှ တောင့်တမှုကို ပိုပြင်းထန်လာ နေသည်မဟုတ်ပါလား။ ဒီနေ့သည် သူမအတွက် အင်အားတို့ ပိုပြည့်ဖြိုးနေသလို ထင်ရ၏ ။ အကြောင်းအရာကို တကူးတက ရှာဖို့ရာ မလိုတော့။ ပလာစတာကပ်ထားသော လက်ဖမိုးလေး ကြောင့်သာ ဖြစ်သည်ဟု သူမ တစ်ထစ်ချ ယုံကြည်ပစ်လိုက်သည်”

***

## (၃)

ခုတင်ထက်အိပ်နေသည့် အိအိ၏ ကုပ်သားဖွေးဖွေးလေးအောက်မှ သွေးကြောစိမ်းလေး များက သူမကို ညို့ယူနေသလိုလို။ တစ်ချက်တစ်ချက် တိုက်ခတ်လာသည့် ပန်ကာမှလေကြောင့် အိအိ၏ ဆံပင်တိုနှံ့နှံ့လေးများက ကုပ်သားလေးထက်မှ ဝဲပျံ့သွားတိုင်း ဖျတ်ခနဲ တွေ့လိုက်ရသည့် သွေးကြောစိမ်းလေးများမှ ပို၍ ခုန်လှုပ်နေသလိုထင်ရ၏ ။ လက်ထဲမှ ဓားဖြင့် ထိုသွေးကြောလေးကို ထိုးခွဲဖို့ ပြင်လိုက်စဉ်မှာပင်…။

“အား”

ဖျတ်ခနဲ လန့်နိုးသွားမိသည်။ ရင်တစ်ခုလုံးခြောက်သွေ့နေ၍ ရေတစ်ခွက်ကို အလျှင်အမြန် သောက်လိုက်ရသည်။ သူမ တစ်ယောက်တည်းသာရှိသော အိပ်ခန်းလေးကတော့ အိမ်မြောင်စုတ် ထိုးသံမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်နေဆဲ။ သူမ ဘာကြောင့်များ နေ့ခင်းက အဖြစ်အပျက်ကိုပြန်

မြင်မက်နေရပါသလဲ။ နေ့ခင်းက အိအိရဲ့ အခန်းဆီသို့သွားတုန်းက အိအိကအိပ်ချင်ယောင်ဆောင် ကာ သူမကို ခြောက်လန့်ခဲ့သည်။ သို့သော် သူမကို ဆက်လက်ခြောက်လန့်နေခဲ့တာက အိအိ၏ လည်ပင်းပေါ်မှ သွေးကြောမျှင်လေးများ။ ထိုသွေးကြောမျှင်လေးများကို လက်ဖြင့်ကိုင်ကြည့်ဖို့ ကြိုးစားလိုက်စဉ်မှာပင် အိအိက ဝါးခနဲ အော်ကာ ခြောက်လန့်လိုက်ခြင်းဖြစ်သည်။

လျှာဖျားမှ ငန်ကျကျိုနှင့်ချိုရှည်းမြသော အရသာကို တောင့်တနေသလို ထင်ရ၏ ။ သတိ တရဖြင့် လက်ကိုမကြည့်လိုက်တော့ ဓားရှရာလေးက အနာကပ်ပလာစတာလေး ကပ်လျက်သား။ ထိုမှတစ်ဆင့် လက်ကောက်ဝတ်ကို ကြည့်လိုက်မိတော့ လက်ကောက်ဝတ်မှ သွေးကြောစိမ်းမြမြ လေးက သူမ၏ စိတ်တို့ကို မရိုးမရွဖြစ်စေပြန်သည်။ မဖြစ်သေး။ တစ်နေ့ကပင် သွားဖြင့် အသ အကျေကိုက်ခဲ့ပြီးပြီ။ အနည်းဆုံးတော့ တစ်ပတ်လောက်နားမှ ဖြစ်မည်။

ကလင်.. ကလင်… ကလင် .. ကလင်..

နာရီအလမ်းပေးသံကြောင့် နာရီကိုကြည့်မိတော့ မနက်ခုနစ်နာရီခွဲပြီဖြစ်သည်။ အိပ်ရာမှ ထရင်း အလုပ်သွားရန် ပြင်ဆင်လိုက်သည်။ ရေချိုးနေသည့်အချိန်မှာပင် မျက်ဝန်းတို့က လက်မှ အနာဆီသို့ မကြာခဏ အကြည့်ရောက်သွားသည်ကိုတော့ သူမ တားမရနိုင်။ သို့သော် လက် ကောက်ဝတ်မှ သွေးကြောစိမ်းစိမ်းလေးတို့ကိုတော့ မမြင်နိုင်အောင် ရေချိုးခန်းမီးအရှိန်ဖြင့် တား ထားနိုင်လိုက်ပါသည်။

***

## (၄)

ကြည့်လက်စ ဇာတ်လမ်းမှ သရဲကားကိုကြည့်ရင်း သူမ ကိုယ်သွားကိုယ်

ပြန်စမ်းကြည့်နေမိ သည်။ သူမမှာကော အစွယ်များရှိလျှင် ဘယ်လောက်ကောင်းလိမ့်မလဲဆိုသည့် အတွေးလေးက လည်း တဖျတ်ဖျတ်နှင့်။ စိုစွတ်နေတဲ့ အမှောင်တွေမှာ လျှောက်သွားဖို့ လင်းလက်တဲ့ မျက်ဝန်းတစ် စုံရှိလျှင် ဘယ်လောက်ကောင်းလိမ့်မလဲလေ။

"ဟိတ်"

နောက်နားဆီမှ အသံကြောင့်လှည့်ကြည့်လိုက်တော့ အိ အိ။ အဆောင်နေသူငယ်ချင်းဖြစ် သလို လောကတွင် သူငယ်ချင်းဟူ၍ တစ်ဦးတည်းသာရှိသည့် အိအိ။ အကျႌလက်ပြတ်လေးနှင့် အဆောင်နေရင်း ဘောင်းဘီတိုလေးဝတ်ထားရသည်မှာ ချစ်စဖွယ်။

"အံမယ်.. သူက သရဲကားကြည့်နေတာကိုး၊ ဒီခွေဖွင့်ကွာ၊ ကိုရီးယားကား ကြည့်ရ အောင်"

ပေးလာသည့်ခွေကို ဖွင့်လိုက်ရင်း အခန်းမီးကို မှိန်လိုက်သည်။ ဝင်းလက်နေသည့် သွေး ကြောများကို သူမ မမြင်မတွေ့လို။ ကိုရီးယားဇာတ်လမ်းတွဲကလေးနောက် သူမပါ လိုက်ပါသွားမိ သည်။ အိမ်ထောင်ရေး ဇာတ်လမ်းကောင်းလေးကို သူတို့မို့ ရိုက်တတ်လွန်းသည်။

"ဘုတ်"

ရုတ်တရက် ပေါင်ပေါ်သို့ ဘုတ်ခနဲကျလာသောအရာကြောင့် ကြည့်လိုက်တော့ အိအိ။ သူမ ပေါင်ပေါ်သို့ ခေါင်းလေး တစောင်းတင်ထားသလိုရှိ၏ ။ အိအိကို အခန်းပြင်အိပ်ဟုပြောရန် နှိုးဖို့ပြင်လိုက်စဉ် တစ်စုံတစ်ရာက သူမကို ညှို့ယူသွားသည်။ ဆံပင်ကုပ်ဝဲလေးအောက်မှ ကုပ်သား ဖွေးဖွေးလေးများ ရုတ်တရက် သွားတို့မှ တစ်စုံတစ်ခုကို ဆာလောင်လားသလိုရှိ၏ ။ သူမ ဇွတ်နေသည်။ ဟုတ်သည်။ သူမ ငတ်နေတာကြာပြီဖြစ်သည်။

တဆစ်ဆစ် ကိုက်ခဲလာသည့် လက်ကောက်ဝတ်ကြောင့် သူမ လျှာဖျားမှ

တစ်စုံတစ်ရာကို ပို ပိုတောင့်တလာသလိုရှိနေ၏ ။ သူမ ဘာလုပ်ချင်နေတာလဲ။ မဖြစ်သင့်ဘူးဟုတွေးရင်း ဇွတ် အတင်းနိုးရန် ပြင်လိုက်တော့ လက်က အိအိကုပ်သားလေးများဆီဝယ် လူးလွန့်နေပြန်သည်။ သွား များ ယားယံခြင်းဝေဒနာကို ဘယ်လိုကုစားရမလဲလေ။

အနေရခက်စွာ အိအိကုပ်သားများဆီမှ အကြည့်လွှဲလိုက်သည်။ သို့သော် ပြန်ကြည့်မိပြန် သည်။ ကိုကိုကြီး လက်တစ်ဖက်ကို သူမ ကိုက်ခဲ့သည်။ ကိုကိုကြီး မငို၊ မငိုခဲ့။ ဖေဖေနှင့် မေမေ ရန်ဖြစ်သည့်ညက ကိုကိုကြီး၏ လက်တစ်ဖက်ကို သူမ ကိုက်ခဲ့ဖူးသည်။ ဖျတ်ခနဲ သွေးစက်တို့ ပြန့်ကျဲနေသော လက်တစ်ဖက်ကို အမြင်တွင် လျှာဖျားက ပိုပိုယားယံလာသည်။ သို့သော် မျက်လုံး အစုံကို မှိတ်ရင်း အိမိကိုနှိုးဖို့ ကြိုးစားလိုက်သည်။ သူမ အောင်မြင်ပါ့မလားဟု ကိုယ့်ကိုယ်ကို မယုံ မရဲ။ အိအိကို နှိုးနိုင်ပါ့မလား။ သူမကိုယ်သူမ ကျရှုံးတော့မည်လေလား။

***